ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# ၂၀၁၅ အထွေထွေရွေးကောက်ပွဲရလဒ်နှင့်စပ်လျဉ်း၍ UNFC ၏ သဘောထားထုတ်ပြန်ချက်

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်

၁။ သမ္မတဦးသိန်းစိန် ဦးဆောင်သောအစိုးရမှ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ(၈)ရက်နေ့တွင် လွတ်လပ်ပြီး အထိုက်အလျောက် ပွင့်လင်းမြင်သာသော အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပပေးခြင်းနှင့် စိတ်အားထက်သန်စွာ မဲပေးခဲ့ကြသည့် လူမျိုးစုံပြည်သူအားလုံးကို အထူးကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းတင်ရမည်ဖြစ်ပါကြောင်း ဖော်ပြလိုပါသည်။ ဤရွေးကောက်ပွဲကြီးတွင် သိသိသာသာ အနိုင်ရရှိကြသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) အပါအဝင် တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များအားလုံးအတွက် မိမိတို့(UNFC)မှ အသိအမှတ်ပြုဂုဏ်ယူဝမ်းမြောက်ရပါသည်။ ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ဘက် နိုင်ငံရေး ပါတီများနှင့် ကိုယ်စားလှယ်များမှ ဒီမိုကရေစီကျင့်စဉ်အရ ပြည်သူလူထု၏ဆန္ဒမဲအဆုံးအဖြတ်ကို လေးစားခံယူကြသည့်အတွက်လည်း နှစ်ထောင်း အားရ ဖြစ်မိပါသည်။

၂။ ရွေးကောက်ပွဲ၏မဲရလဒ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ယနေ့ထိတိုင် အပြီးသတ် တရားဝင် မထုတ်ပြန်နိုင်သေးသော်လည်း နောက်ဆုံးရလဒ်များကိုကြည့်ခြင်းအားဖြင့် (NLD)မှ အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်သည့် ညွှန်းကိန်းကိုဖေါ်ပြနေပြီး၊ ၁၉၉၀ ရွေးကောက်ပွဲကဲ့သို့ အပြတ်အသတ် အနိုင်ရမည့်အနေအထားပင် ဖြစ်သည်။ သက်ဆိုင်ရာ အာဏာပိုင်များအနေဖြင့် ရရှိလာသည့်ရလဒ်များကို အသိအမှတ်ပြုလေးစားလိုက်နာပြီး ဂုဏ်သိက္ခာရှိရှိ ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းပေးလိမ့်မည်ဟု မိမိတို့(UNFC)မှ ယုံကြည်မျှော်လင့်ပါသည်။

၃။ (NLD) အနေဖြင့် အစိုးရသစ်တစ်ရပ်ဖွဲ့စည်းပြီးသည့်နောက် နိုင်ငံအတွင်းဖြစ်ရှိနေသော ပြဿနာများစွာအနက် ပြည်တွင်းစစ်ချုပ်ငြိမ်းရေး၊ တိုင်းရင်းသားလူမျိုးများအကြား ပြန်လည်ရင်ကြားစေ့ရေး၊ ၂၀၀၈-ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးနှင့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ဦးစားပေးလုပ်ငန်းစဉ်များအဖြစ် သက်ဆိုင်ရာအင်အားစု ပါတီ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဖေါ်ဆောင်သွားရန် တိုက်တွန်းလိုပါသည်။

၄။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ဦးဆောင်နေသောလက်ရှိအစိုးရသည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့နှင့် ချုပ်ဆိုပြီးဖြစ်သော်လည်း အဖွဲ့အစည်းများစွာ ကျန်ရှိနေပါသေးသည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်ဒေသများတွင် တိုက်ပွဲများဖြစ်ပွားနေဆဲဖြစ်သည်။ လက်ရှိတွင် ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (SSPP/SSA) ၏ ဌာနချုပ်ဖြစ်သော ဝမ်ဟိုင်းဒေသကို မြန်မာ့တပ်မတော်အနေဖြင့် မြေပြင်မှသာမက ဝေဟင်ကပါ အပြင်းအထန် ထိုးစစ်ဆင်တိုက်ခိုက်နေခြင်းကြောင့် ဒေသခံပြည်သူများ ထိခိုက်သေကြေ အိုးအိမ်များပျက်စီးခဲ့ရပြီး ထောင်ပေါင်းများစွာလည်း တောတောင်များအကြား ထွက်ပြေးတိမ်းရှောင်နေကြရသည်။ ထို့ပြင် ပြည်သူလူထုအချို့ကို ဓါးစားခံအဖြစ် ရှောင်ထွက်၍မရအောင်

ဟန့်တားထားသည်များလည်းရှိကြောင်း ကြားသိရသည်။ ဤသို့ တိုက်ခိုက်မှုများဖြစ်ရှိနေပါက ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဖော်ဆောင်နိုင်မည် မဟုတ်ပါ။

၅။ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိုဦးတည်၍ မြန်မာ့တပ်မတော်မှ စစ်ရေးနည်းဖြင့်ဖြေရှင်းနေမှုကို အမြန်ဆုံးရပ်တန့်၍ နိုင်ငံရေးနည်းဖြင့် တွေ့ဆုံညှိနှိုင်းဖြေရှင်းနိုင်ရေးအတွက် လက်ရှိနှင့် နောက်တက်လာမည့်အစိုးရအဖွဲ့အား လေးနက်စွာ တောင်းဆိုပါသည်။

၆။ ပြည်တွင်းငြိမ်းချမ်းရေးနှင့် စစ်မှန်သောဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် လက်ရှိအစိုးရနှင့်လည်းကောင်း၊ နောက်တက်လာမည့်အစိုးရနှင့်လည်းကောင်း မိမိတို့ UNFC အနေဖြင့် ဆက်လက်ဆွေးနွေးညှိနှိုင်းအဖြေရှာသွားရန် အဆင်သင့်ရှိပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)


**ဆက်သွယ်ရန်**

*နိုင်ဟံသာ - ဒုတိယဥက္ကဋ္ဌ ဖုန်း - +66(0)80-503-0849*

*ခူဦးရယ် - အထွေထွေအတွင်းရေးမှူး ဖုန်း - +66(0)84-805-1344*